## ယနေ့သတိထားရမည့် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုနှင့် ရောဂါပိုး၏ပြောင်းလဲမှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် ကမ္ဘာနှင့်အဝှမ်း ကူးစက်ပျံ့လျက်ရှိပြီး ကြက်များ၌ သာမက လူကိုကူးစက်သေဆုံးစေနိုင်သည့်အတွက် ကူးစက်မြန် ပြင်းထန်ရောဂါအဖြစ် သတ်မှတ်ထားပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကို အပျော့စား (LPAI)၊ အပြင်းစား (HPAI) ဟူ၍ ခွဲခြားသတ်မှတ်ထားပါသည်။

### ကြက်ငှက်တုပ်ကွေးရောဂါစတင်ပုံ

၁၉၉၆ နှင့် ၁၉၉၇ ခုနှစ်မှစတင်ကာ တရုတ်နိုင်ငံတွင် အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ (Type A H5N1) ဗိုင်းရပ်စ်ပိုးကူးစက်ဖြစ်ပွားမှုကို ဘဲငန်း၊ ကြက်ခြံများနှင့် ကြက်ဘဲဈေးများတွင် တွေ့ရှိခဲ့သည်။တစ်ချိန်တည်းမှာပင် လူကိုကူးစက်မှုဖြစ်ပွားခဲ့ပြီး သေဆုံးမှုများရှိခဲ့သဖြင့် စိုးရိမ်စရာရောဂါအဖြစ် သတ်မှတ်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ် တွင် အာရှနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် နှစ်စဉ်ရောဂါဖြစ်ပွားမှုတွေ့ရှိလာခဲ့ရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ မှတ်တမ်းများအရ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ (၁၄) ရက်အထိ H5N1အပြင် H7N9 သည်လည်း လူသို့ကူးစက်သေဆုံးသည်ကို တွေ့ရှိရပါသည်။ နိုင်ငံပေါင်း (၁၆) နိုင်ငံတွင် လူသို့ကူးစက်ခံရမှု (၈၅၆) ကြိမ်အနက် (၄၅၂) ယောက်သေဆုံးခဲ့ပါသည်။

၂၀၁၇ ခုနှစ် တရုတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် Type A H7N9 သည် H5N1 နှင့် နှိုင်းယှဉ်လျှင် လူကိုကူးစက်မှုနှင့် သေဆုံးမှုမှာ ပိုမိုမြင့်မားလာသဖြင့် အရေးတကြီး စောင့်ကြည့်ရမည့်ရောဂါ ဖြစ်လာပါသည်။

### H7N9 ၏နောက်ကြောင်းရာဇဝင်

၂၀၁၃ ခုနှစ် မတ်လတွင် တရုတ်နိုင်ငံ၌ ကြက်ငှက်များနှင့်လူတွင် H7N9 တုပ်ကွေးပိုးအသစ်ကူးစက်မှု ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိခဲ့ပြီး ကြက်ဘဲအရှင်ဈေးမှာ အဖြစ်များသည်ကို တွေ့ရှိခဲ့ရပါသည်။ Type A (H7N9) သည် ကြက်ငှက်တုပ်ကွေး ပုံစံကွဲအမျိုးအစားဖြစ်ပြီး ကြက်ငှက်များတွင် ရောဂါလက္ခဏာ မပြင်းထန်သဖြင့် အပျော့စားအမျိုးအစားအဖြစ် သတ်မှတ်ထားခဲ့ပါသည်။ ၂၀၁၃ ခုနှစ်နောက်ပိုင်း တွေ့ရှိရသော H7N9 သည် ယခင်တွေ့ရှိခဲ့သော အမျိုးအစားနှင့်ကွဲပြားပြီး ယနေ့အချိန်အထိ တရုတ်နိုင်ငံတွင်းရှိ ကြက်၊ ဘဲဈေးများနှင့် ဆက်စပ်နေရာများတွင် လှည့်လည်ကူးစက်မှုများ ဆက်လက်ဖြစ်ပေါ်နေခဲ့ပြီး တစ်နှစ်ပြီးတစ်နှစ် လူသို့ကူးစက်ခံရမှုလည်း တိုးမြင့်လာပြီး ဆောင်းရာသီနှင့် နွေဦးတွင် ဖြစ်ပွားကြောင်းသိရှိရပါသည်။ ဤရောဂါနှင့် ပတ်သက်ပြီး စိုးရိမ်ရသည့် အချက်များမှာ ကူးစက်ခံရသည့်လူနာများတွင် ပြင်းထန်သော ဖျားနာခြင်း (အဆုတ်ရောင်ခြင်း) နှင့် သေဆုံးမှုများကြောင့်ဖြစ်ပါသည်။

တရုတ်နိုင်ငံ (၂၀၁၆ ခုနှစ် နှင့် ၂၀၁၇ခုနှစ်အတွင်း) တွင် H7N9 (၅) ကြိမ်ဖြစ်ပွားခဲ့ပြီး ယခုအကြိမ်သည် လူ (၄၂၄) ယောက် ကူးစက်ခံရပြီးဖြစ်ကြောင်း WHO မှ ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် မတ်လမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ လူသို့ H7N9 ကူးစက်ခံရမှုပေါင်း (၁၂၃၀) ရှိပြီး (၄၂၈) ဦး သေဆုံးခဲ့ပါသည်။ သေဆုံးမှု ၄၀% ထိရှိနိုင်သဖြင့် ကပ်ရောဂါအသွင် စိုးရိမ်ဖွယ်ရာ ဖြစ်လာနိုင်ပါသည်။

တရုတ်နိုင်ငံအရှေ့ပိုင်းတွင် ရောဂါကူးစက်မှုအများဆုံးဖြစ်ပွားခဲ့ပါသည်။ ရောဂါကူးစက်ခံရသည့် လူနာများမှာ ကြက်၊ ဘဲ အရှင်များ (သို့မဟုတ်) ၎င်းတို့၏အညစ်အကြေးများနှင့် ထိတွေ့ခဲ့ဖူးသူများ ဖြစ်ကြောင်းသိရှိရပါသည်။ ရောဂါပိုးသည် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်နိုင်သည့်အထောက်အထား များမတွေ့ရှိသေးပါ။ H7N9 ရောဂါပိုး လူသို့ကူးစက်ခံရမှုကို ထိုင်ဝမ်နိုင်ငံ၊ မလေးရှား နိုင်ငံနှင့် ကနေဒါနိုင်ငံများတွင်လည်း တွေ့ရှိခဲ့ရပါသည်။

## H7N9 ရောဂါပျံ့နှံ့မှုအန္တရာယ်အလားအလာသုံးသပ်ချက်

အမေရိကန်နိုင်ငံ Center for Disease Control (CDC) ၏ ထုတ်ပြန်ချက်အရ H7N9 ရောဂါပိုးသည် သဘာဝအရ ဗီဇပစ္စည်းများ စဉ်ဆက်မပြတ်ပြောင်းလဲနေမှုနှင့် လွယ်ကူစွာ ကူးစက် ပျံ့နှံ့နိုင်မှု စွမ်းရည်များကြောင့် ကပ်ရောဂါအဖြစ် ပြောင်းလဲဖြစ်ပေါ်လာနိုင်ကြောင်း သိရှိရပါသည်။ တုပ်ကွေးဗိုင်းရပ်စ်ပိုး Type A အမျိုးအစားသည် ပြည်သူ့ကျန်းမာရေးအတွက် ကပ်ရောဂါဖြစ်ပွားရန် စိုးရိမ်ဖွယ်အဆင့်တွင် အမြင့်ဆုံးဖြစ်ကြောင်းကို Influenza Risk Assessment Tool (IRAT) အရ သတ်မှတ်ထားပြီးဖြစ်ပါသည်။

တရုတ်နိုင်ငံတွင် ကြက်ငှက်များ နှင့်ထိတွေ့မှုကြောင့် လူများတွင် နေရာကွက်ကြား ကူးစက်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် နယ်နမိတ်ချင်းထိစပ်လျက်ရှိသည့် အပြင် ကုန်သွယ်မှုလမ်းကြောင်းများလည်း ရှိနေသဖြင့် တရုတ်နိုင်ငံတွင်ဖြစ်ပွားလျက်ရှိသည့် ကြက် ငှက်တုပ်ကွေးရောဂါပျံ့နှံ့နိုင်သည့် အန္တရာယ်အလားအလာရှိကြောင်းနှင့် ကြက်ငှက်များနှင့် ထိတွေ့ ရာမှ လူသို့ကူးစက်မှုများလည်း ဆက်လက်တွေ့ရှိနိုင်ကြောင်း WHO မှ သုံးသပ်ထားပါသည်။ မြန်မာ နိုင်ငံနှင့် အနီးဆုံးပြည်နယ်တစ်ခုဖြစ်သော ယူနန်ပြည်နယ်တွင် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း H7N9 ဖြစ်ပွားခဲ့သဖြင့် မြန်မာနိုင်ငံအနေ နှင့် ရောဂါကာကွယ်ရေး အတွက်ပြင်ဆင်ရန် လိုအပ်လာပြီဖြစ် ပါသည်။

## အပျော့စားမှ အပြင်းစား သို့ပြောင်းလဲလာသည့် H7N9

WHO ၏အစီရင်ခံစာအရ များမကြာမီရက်သတ္တပတ်က လူတွင်ကူးစက်ခံရမှု အသစ်တွေ့ ရသော H7N9 ၏ ဗီဇပစ္စည်းစစ်ဆေးရာတွင် တုပ်ကွေးရောဂါကု ဆေးဝါးဖြစ်သည့် (neuraminidase inhibitors) များကို ခုခံနိုင်သောဗီဇပြောင်းလဲမှုများ တွေ့ရှိလာကြောင်း၊ ဆက်လက်ပြီး တရုတ်နိုင်ငံ ဂွမ်ဒေါင်ပြည်နယ်နှင့် ထိုင်ဝမ်နိုင်ငံတွင် တွေ့ရှိခဲ့သော H7N9 သည် ကြက်ငှက်များအတွက် အပြင်းစား ဗိုင်းရပ်စ်ပိုးအဖြစ် သတ်မှတ်နိုင်သည့် Gene marker များ (HA gene cleavage site တွင်) တွေ့ရှိရကြောင်း China CDC သည် တရုတ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ သတင်းပေးပို့ ခဲ့ပါသည်။ WHO ၏မှတ်တမ်းအရ ဗီဇပြောင်းလဲမှုများ တွေ့ရှိလာသော H7N9 ပုံစံကွဲကို တရုတ်နိုင်ငံ ဂွမ်ဒေါင်ပြည်နယ်ရှိ လူ၊ ကြက်ငှက်များနှင့် ၎င်းတို့ပတ်ဝန်းကျင်ရှိ နမူနာပစ္စည်းများမှ တွေ့ရှိခဲ့ကြောင်း၊ H7N9သည် ကြက်ငှက်များအတွက် သတ်မှတ်ထားခဲ့သည့် အပျော့စားမှအပြင်းစားကြက်ငှက်တုပ်ကွေး ရောဂါသို့ ဆင့်ကဲပြောင်းလဲ (evolution) သွားသော ဗိုင်းရပ်စ်ပိုးH7N9 ကို ဖေဖော်ဝါရီ (၁၈) ရက်၌ ကြက်ဘဲအရှင်ဈေးများတွင် တွေ့ရှိခဲ့ပါသည်။ တရုတ်အာဏာပိုင်များမှ ရောဂါစူးစမ်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပြီး တွေ့ရှိချက်များအရ အပျော့စားမှ အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါသို့ ပြောင်းလဲ

သွားသော ဗိုင်းရပ်စ်ပိုး H7N9 အဖြစ် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေး အဖွဲ့ (OIE) သို့ သတင်းပေးပို့ခဲ့ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ဆောင်ရွက်ချက်များ**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် အရေးပေါ် အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ H5N1 တုန့်ပြန်ရေး အစီအမံ (၂၀၀၇) ခုနှစ် နှင့် H7N9 အရေးပေါ် တုန့်ပြန်ရေး အစီအမံ (၂၀၁၆) ကို ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်ပါသည်။ အရေးပေါ်အဖွဲ့များဖွဲ့စည်း၍ ရောဂါစူးစမ်းထောက်လှမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နယ်စပ်ဒေသများတွင် ရောဂါစောင့်ကြည့်စစ်ဆေးရေးဂိတ် (check point) များထားရှိပြီး တရုတ်နိုင်ငံမှ ကြက်၊ ဘဲနှင့် ကြက်ထွက် ပစ္စည်းများ ဝင်ရောက်မှုကို စစ်ဆေးလျက်ရှိပါသည်။ ရောဂါပျံ့နှံ့မှုလေ့လာနိုင်ရန်အတွက် sero-surveillance (သွေးရည်ကြည်မှတဆင့် ရောဂါကူးစက်မှုစူးစမ်းရှာဖွေခြင်း) နှင့် virological surveillance (ရောဂါပိုးအမျိုးအစားစစ်ဆေးမှုများ) များဆောင်ရွက် လျက်ရှိပါသည်။ တရားမဝင် လမ်းကြောင်းများမှ ဝင်ရောက်မှုများမရှိစေရန်လည်း စောင့်ကြည့်စစ်ဆေးလျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံနယ်စပ်ဒေသ မူဆယ်ရှိ ကြက်ဘဲဈေးများနှင့် ဆက်စပ်နေရာများတွင် ရောဂါစူးစမ်း ထောက်လှမ်းသည့် လေ့လာမှုများ အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများရှိ ဝန်ထမ်းများအား အရည်အသွေးမြှင့်တင်ခြင်း၊ ရောဂါစစ်ဆေးသည့် ဓာတုပစ္စည်းများနှင့် စက်ပစ္စည်းများ ဖြည့်ဆည်းခြင်း၊ ရောဂါရှာဖွေရေးနည်းပညာများဖြစ်သည့် သွေးရည်ကြည် အခြေခံစစ်ဆေးခြင်း (HA/HI)၊ အမြန်စစ်ဆေးနည်းများ (Rapid Test Kit)၊ မော်လီကျူလာနည်းပညာအသုံးပြုစစ်ဆေးခြင်း (Real-Time RT-PCR) စသည့် နည်းပညာများဖြင့် H5၊ H7၊ H9 ဗိုင်းရပ်စ်ပိုး အမျိုးအစားများကို အမြန်ခွဲခြားစစ်ဆေးပေးနိုင်ရန် ပြင်ဆင်ထားရှိပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ကြိုတင်ကာကွယ်ရေး လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

**ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှုများ**

လက်ရှိမြန်မာနိုင်ငံအနေဖြင့် H7N9 ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု မရှိသေးသော်လည်း ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ရောဂါဖြစ်ပွားနေသည့်နေရာဒေသများ၊ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် ကြက်၊ ဘဲနှင့် ကြက်၊ ဘဲထွက်ပစ္စည်းများမှတဆင့် ရောဂါကူးစက်ပျံ့နှံ့နိုင်ပါသဖြင့် ပြည်သူများ၏ ကျန်းမာရေးအတွက်သော်လည်းကောင်း၊ ပြည်တွင်းမွေးမြူရေးလုပ်ငန်းရှင်များအတွက်သော်လည်းကောင်း ထိခိုက်မှုများဖြစ်ပေါ်စေလာနိုင်သည့်အတွက် ကြိုတင်ကာကွယ်ရေးနှင့် တားဆီးရေးလုပ်ငန်းများတွင် ပြည်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။

တိရစ္ဆာန်ဆေးကုသုတေသီတစ်ဦး